# စီမံချက် စွမ်းဆောင်မှု လေ့လာသုံးသပ်ချက် အစီရင်ခံစာ

**PREPRED BY: PROGRAM TEAM, RAIN MAKER**

**20th July 2023**







## မာတိကာ


၁။ နိဒါန်း ..... 2

၂။ စီမံချက်၏နောက်ခံအကြောင်းအရင်း ..... 2
၃။ စီမံချက်၏ရည်ရွယ်ချက်များမှာ ..... 3
၃.၁။ စီမံကိန်းမှတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများပြပုံ ..... 4

၄။ RAIN MAKER အဖွဲ့၏ အကြောင်း ..... 4

၅။ စီမံချက် အကျိုးသက်ရောက်မှု အကဲဖြတ်ခြင်း လေ့လာသုံးသပ်ချက် အစီအစဉ် အကျဉ်းချုပ် ..... 5

၅.၁ ။ ရည်ရွယ်ချက် ..... 7

၅.၂ ။ အသုံးပြုသောနည်းလမ်း ..... 7

၅.၃။ စီမံချက် အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းစဉ်တွင် ပါဝင်ဖြေဆိုသူများစာရင်း ..... 7

၅.၄ ။ တွေ့ရှိချက်များ ..... 8

၅.၄.၁။ သင်တန်းများ၏ အကျိုးသက်ရောက်မှု အခြေအနေပြပုံ ..... 9
၅.၄.၂။ ဖြေဆိုခဲ့သူအမျိုးအစားများပြပုံ ..... 13

၅.၅။ စီမံချက်အကဲဖြတ်မှုလုပ်ငန်းစဉ်ပြုလုပ်ရာတွင် အကန့်အသတ်များနှင့် အတားအဆီးများ ..... 14

၅.၆ ။ အကြံပြုချက်များ ..... 14

၆။ နိဂုံးချုပ်သုံးသပ်ချက် ..... 15

၇။ အစီရင်ခံစာ ပြုစုတင်ပြသူများ စာရင်း ..... 15

၈။ ခန့်မှန်းကုန်ကျ အသုံးစရိတ်များ (BUDGET REPORT) ..... 16

၉။ နောက်ဆက်တွဲ အကိုးအကားများ ..... 17

၉.၁ လုပ်ငန်းပြီးမြောက်ကြောင်း အစီရင်ခံစာများ၊ သုံးလပတ်နှင့် နှစ်ချုပ်အစီရင်ခံစာ ..... 17
၉.၂ အစည်းအဝေးမှတ်တမ်းများ ..... 17
၉.၃ အစီရင်ခံစာ ပြုစုတင်ပြသူများ စာရင်း ..... 17
၉.၄ ဘက်ဂျက်သုံးစွဲမှုစာရင်း ..... 17

## ၁။ နိဒါန်း

Rain Maker အဖွဲ့သည် Rebuilding self-resilience and Motivation to frontline Women Right Defenders and LGBT communities စီမံချက်ကို ၁ရက်၊မတ်လ၂၀၂၂ မှ ၁၅ရက်၊မတ်လ ၂၀၂၃ ကာလတွင်း မွန်ပြည်နယ်ရှိ လက်ရှိပဋိပက္ခဒေသ အခြင့်ဆုံးမြို့နယ်(၆)မြို့နယ်တွင် ဆောင်ရွက်ခဲ့သည်။ စီမံကိန်းဆောင်ရွက်ရာတွင် ကျိုက်ထို မြို့နယ်၊ ဘီးလင်းမြို့နယ်၊သထုံမြို့နယ်၊မုဒုံမြို့နယ်၊ သံဖြူဇရပ် မြို့နယ် နှင့်ရေးမြို့နယ်ရှိဒေသခံ မိတ်ဘက်အဖွဲ့အစည်း များနှင့်ပူးပေါင်း၍ အမျိုးသမီးအခွင့်အရေး ကာကွယ်သူ အုပ်စုများ၊ လိင်စိတ်ဝိသေသခံ ယူကွဲများသူအုပ်စုများ၊နှင့်လူငယ်များ ပါဝင်မှုနှင့်ဒေသခံ ပြည်သူ ပါဝင်မှုကို ဆောင်ရွက်ခဲ့သည်။ စီမံကိန်း တနှစ်တာကာလတွင်း မြို့နယ်(၆)ခုရှိ ကျေးရွာ (၁၂၀) ရှိ တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူ(၃၂၅၀၀)ဦးသို့ စီမံကိန်း ရည်ရွယ်ချက် နှင့်အညီ အောင်မြင်စွာ ပံ့ပိုးပေးနိုင် ခဲ့သည်။

အဆိုပါစီမံကိန်းသည် ပဋိပက္ခများအတွင်း အမျိုးသမီးများ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး လုပ်ငန်းစဉ်များကို အမျိုးသမီးအခွင့်အရေး ကာကွယ်မြှင့်တင်သူများနှင့် လိင်စိတ်ဝိသေသ ခံယူကွဲပြားသူ အုပ်စုများ၏ ပူးပေါင်း ပါဝင်မှုဖြင့် အဓိကထား ဆောင်ရွက်သွားရန် ရည်ရွယ်ပါသည်။ အလားတူပင် ပြည်တွင်းအမျိုး သမီးအဖွဲ့အစည်းများ ၏ စွမ်းဆောင် ရည်မြှင့်တင် ရေး နှင့် ပေါင်းစည်းမှုကို မြှင့်တင်ရန်လည်း ဖြစ်သည်။ စီမံကိန်းတနှစ်တာကာလတွင်း အောင်မြင်မှုရလဒ်များ၊ အခက်အခဲ များနှင့် စိန်ခေါ်မှုများကို MEAL စနစ်မှ ခွဲခြမ်း စိတ်ဖြာမှုရလဒ်များနှင့် ရလဒ် အခြေခံစီမံခန့်ခွဲမှုတို့အရ အပြီးသတ် အစီရင်ခံစာတွင် တင်ပြထားပါသည်။

Rain Maker ပရောဂျက်အဖွဲ့သည် စီမံကိန်းဧရိယာအတွင်းရှိ အကျိုးခံစားခွင့်များသာမက စီမံကိန်းဧရိယာအတွင်းရှိ အကျိုးခံစားခွင့်များကိုပါ ပံ့ပိုးပေးရန်အတွက် အကျိုးသက်ရောက်မှု အကဲဖြတ် လေ့လာမှုကို ဆက်လက်လုပ်ဆောင်ရန်အတွက် စီမံကိန်းရလဒ် ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးတွင် ဆွေးနွေးခဲ့ပါသည်။ ၃၁ မတ်လ ၂၀၂၃ တွင် ကျင်းပခဲ့သည့် FSSP-Myanmar နှင့် Rain Maker တို့၏ စီမံကိန်းပြီးမြောက် အောင်မြင်မှုဆွေးနွေးပွဲတွင် စီမံကိန်း၏ ပိုလျှံဘတ်ဂျက်ကို အသုံးပြု၍ အကျိုးသက်ရောက်မှုအကဲဖြတ်ခြင်း အစီအစဉ်ကို အကောင်အထည်ဖော်ရန် ဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးချက်များကို အကောင်ထည်ဖော်ရန် ၂၀၂၃ ခုနှစ် ဇူလိုင်လ (၁၅) မှ ဩဂုတ်လ(၃၀) ရက် အတွင်းစီမံချက် စွမ်းဆောင်မှု အကျိုးသက်ရောက်မှု လေ့လာခြင်း လုပ်ငန်းစဉ်ကို ဒေတာအချက်အလက်ကောက်ယူသူ (၂၄)ဦးနှင့် တိုက်ရိုက်တွေ့ဆုံ အင်တာဗျူးသူ (၁၂) ဦး နှင့်အကျိုးခံစားခွင့်ရှိ သူများနှင့် တွေ့ဆုံဆွေးနွေးမှု(၆)ခုကို စီမံကိန်းဧရိယာ(၆)မြို့နယ်တွင် ဆောင်ရွက်ခဲ့ပါသည်။

## ၂။ စီမံချက်၏နောက်ခံအကြောင်းအရင်း

စီမံကိန်းဆောင်ရွက်မှုသည် ကိုဗစ် ၁၉ ၏ နောက်ဆက်တွဲ အကျိုးဆက်များနှင့် နိုင်ငံရေး မတည်မှု၏ နောက်ဆက်တွဲဆိုးကျိုးများကြောင့် ဒေသခံပြည်သူများအတွက် အရေး ပေါ်ကူညီမှုနှင့် ပဋိပက္ခ ကာလအတွင်း အမျိုးသမီး၊ကလေးသူငယ်နှင့်သက်ကြီးရွယ်အိုမသန်စွမ်းများသို့ သက်ရောက်လာနိုင်သော ဘေးအန္တရာယ်ကာကွယ်မှုများကို ပြင်ဆင်ပေးခြင်းဖြစ်သည်။ မွန်ပြည်နယ်သည် လက်နက်ကိုင်အင်အားစု အများဆုံး

နယ်မြေဖြစ်ပြီးစစ် နိုင်ငံရေး မတည်မှုဖြစ်ပြီးနောက်ပိုင်းတွင် စစ်တပ်နှင့် လက်နက်ကိုင်အဖွဲ့များ ကြားအကြိမ်ကြိမ်ဖြစ်ပွားခဲ့သော ပဋိပက္ခတိုက်ပွဲများကြောင့် စီမံကိန်းဧရိယာအတွင်းရှိ မြို့နယ် ခြောက်မြို့နယ် ကို အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ ဤလုပ်ငန်းစဉ်တွင် ဒုက္ခရောက်နေသော အမျိုးသမီးများအား အကူအညီ ပေးရန်နှင့် ပဋိပက္ခအတွင်းအကြမ်းဖက်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို တားဆီးရန်နှင့် ဒေသခံအမျိုး သမီးအဖွဲ့များ ပေါင်းစည်းရန်လိုအပ်ပါသည်။ ထို့အပြင် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ အမျိုး သမီးများ၏ အသိပညာနည်းပါးမှုနှင့်အမျိုး သမီးများအပေါ် အကြမ်းဖက်မှုများမှ အမျိုးသမီးများကို အကာ အကွယ်ပေးခြင်းသည် ပဋိပက္ခအတွင်းအမျိုးသမီးများကို အကာအကွယ်ပေးရန် အဓိက စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။ ထို့ကြောင့် ထိခိုက်လွယ်သောအုပ်စုအမျိုးသမီးများနှင့် ကလေးသူငယ်များ၏ ဘေးကင်းရေးနှင့် လက်ရှိပဋိပက္ခအတွင်း ကျား-မ အခြေပြု အကြမ်းဖက်မှုများကိုတားဆီးရန် အရေးတကြီး လိုအပ်နေပါသည်။ ထိန်းသိမ်းဖမ်းဆီးခံရသည့် အမျိုးသမီးငယ် များသည်စိတ်ပိုင်းဆိုင်ရာ အကူအညီနှင့် ဂုဏ်သိက္ခာဆိုင်ရာ အကူအညီများကဲ့သို့သော လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ လိုအပ်လျှက် ရှိနေသည်။

ယခင်က COVID-19 ကူးစက်ရောဂါ၏ သက်ရောက်မှုကြောင့်အမျိုးသမီးများ အကြမ်းဖက်မှု လျှော့ချရေးစီမံကိန်းသည် အကြမ်းဖက်မှု အစီရင်ခံစာများကိုဆောင်ရွက်ခဲ့သော်လည်းလက်ရှိနိုင်ငံရေးပဋိပက္ခအခြေအနေအချိန်နှင့် ဘတ်ဂျက်အရ စောင့်ကြည့်ခြင်းလုပ်ငန်းစဉ်များရပ်ဆိုင်းထားခဲ့ရသည်။ ယခုစီမံကိန်းသည် တစ်နှစ်ပတ်လုံးစနစ်တကျနှင့် ထိရောက်သော အစီအစဉ်ဖြင့် အမျိုးသမီးအဖွဲ့အစည်းများအား နည်းပညာနှင့် လိုအပ်သောပံ့ပိုးကူညီမှုများ ပေးစွမ်းနိုင်မည်ဟု မျှော်လင့်ပါသည်။

အဆိုပါ စီမံကိန်းသည် ပဋိပက္ခများအတွင်း အမျိုးသမီးများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်အတွက် Rain Maker၏ အစီအစဉ်ကို FSSP-COWATER မှ ပံ့ပိုးကူခြင်းဖြင့် မွန်ပြည်နယ်အတွင်း အမျိုးသမီးများ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အဓိကထား ဆောင်ရွက်သွားရန် ရည်မှန်းထားသည်။ ပြည်တွင်း အမျိုးသမီးအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ပေါင်းစည်းမှုကို မြှင့်တင်ရန်လည်း ရည်ရွယ်ပါသည်။ ဤပရောဂျက်၏ ရည်မှန်းချက် နယ်ပယ်သည် မိမိကိုယ်ကို ခုခံမှု တည်ဆောက်ရန်နှင့် ယုံကြည်မှု ခိုင်မာစေမည့်ဆက်ဆံရေးကို တည်ဆောက်ရန်ဖြစ်ပြီး၊ ပုဂ္ဂိုလ်ရေးအရရော လှုပ်ရှားမှုတစ်ခု အနေဖြင့်ပါ အဆက်မပြတ် ရှာဖွေနေရမည် ဖြစ်ပြီး အထိရောက်ဆုံး ပေးပို့နိုင်မှုအား သေချာစေရန်အတွက် ပဋိပက္ခနှင့် ပျက်စီးလွယ်သော အခြေအနေများကို ကိုင်တွယ်ဖြေရှင်းခြင်း၏ အရေးကြီးမှု၊ အထောက်အပံ့နှင့် လူမှုရေးတရားမျှတမှုကို ဖော်ဆောင်ပေး ခြင်းဖြစ်သည်။

## ၃။ စီမံချက်၏ရည်ရွယ်ချက်များမှာ


စီမံကိန်းဆောင်ရွက်ရတွင်အောက်ပါရည်ရွယ်ချက်(၃)ရပ်ဖြင့်ဆောင်ရွက်ခဲ့သည်။

၁။ ပဋိပက္ခ ကာလအတွင်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် ကျရောက်နိုင်မည့် မည်သည့်ကျား၊ မ အခြေပြု အကြမ်းဖက်မှုမျိုးကိုမဆို ကြိုတင်ကာကွယ်ပေးရန်၊

၂။ အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် အန္တရာယ်ဖြစ်စေခြင်း၊ ခွဲခြားနှိမ်ချ ဆက်ဆံခံရခြင်း၊ စော်ကား နှောင့်ယှက်ခံရခြင်းများကို အကာအကွယ်ပေးမှုများ ပိုမိုအားကောင်းလာစေရန်၊

၃။ ထိခိုက်ခံစားရသူ အမျိုးသမီးများ၏ စိတ်ကျန်းမာရေးကို အားပေးကူညီရန်နှင့် တကိုယ်ရည် အသုံးအဆောင် ပစ္စည်းများ ထောက်ပံ့မှုပေးရန် တို့ ဖြစ်ပါသည်။

## ၃.၁။ စီမံကိန်းမှတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများပြပုံ




စီမံချက်ကာလမှာ တနှစ်တာကာလတွင် မြို့နယ်(၆)မြို့နယ် ၊ကျေးရွာပေါင်း(၁၂၀)ရှိ တိုက်ရိုက် အကျိုးခံစား ခွင့်ရှိသူ လူဦးရ (၃၂,၁၁၁)ဦးရှိပြီး ထိုမှတဆင့်ပြန်လည်မျှဝေမှုသည် လူဦးရေ (၁၅၀,၀၀၀)သို့ စီမံချက်၏ အကျိုးသက် ရောက်မည်ဟု ခန့်မှန်းခဲ့ပါသည်။ စီမံချက်တွင် လုပ်ငန်းစဉ် (၆) ခုကိုလုပ်ဆောင်ခဲ့ပါသည်။ ထိုလုပ်ငန်းများမှာ

၁)TOT သင်တန်း - GBVP/Digital Security/Self Care

၂) ပဋိပက္ခကာလတွင်းအမျိုးသမီးလုံခြုံရေးဆိုင်ရာစကားဝိုင်း

၃) လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့ပေးခြင်း

၄) ထိခိုက်နစ်နာသူများအားဥပဒေရေးရာထောက်ပံ့ပေးခြင်း

၅) ဒေသတွင်းကျား/မရေးရာအကြမ်းဖက်မှုနှင့်လူ့အခွင့်အရေးဆိုင်ရာချိုးဖောက်ခံရမှုစောင့်ကြည့်ရေး

၆) အသိပညာပေးလှုပ်ရှားမှု

## ၄။ RAIN MAKER အဖွဲ့၏ အကြောင်း

Rain Maker အဖွဲ့အစည်းသည် ၂၀၁၁ ကပင်စတင်၍ မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စဉ်များတွင်ပြည်သူ့အခြေပြုအဖွဲ့အစည်းတရပ်အဖြစ်တည်ရှိခဲ့ပြီး အဖွဲ့ဝင်များသည်မြန်မာနိုင်ငံသား တိုင်းရင်းသား၊ ဘာသာ၊လူမျိုးကွဲပြားသော်လည်းရည်ရွယ်ချက်တူညီစွာဖြင့်မြန်မာနိုင်ငံဒီမိုကရေစီရှင်သန်ရေးကိုသာဦးတည်ဆောင် ရွက်နေကြသူများဖြစ်သည်။ဖွဲ့စည်းပုံအရဘုတ်အဖွဲ့ဝင်(၇)ဦး၊ အကြံပေးအဖွဲ့ဝင်(၃)ဦးနှင့်လုပ်ငန်းစဉ် ဆောင်ရွက်သူ

(၁၈)ဦးက ဦးဆောင်၍ တာဝန်ယူ ဆောင်ရွက်နေပါသည်။ အဓိက ဦးတည်ချက် မှာ"မြန်မာနိုင်ငံတွင် ပြည်သူလူထု အားလုံး လေးနက်၍ အဓိပ္ပါယ်ပြည့်ဝသော ဒီမိုကရေစီပါဝင်မှု မြှင့်တင်ရန်နှင့် မတူကွဲပြားမှုများကို အခြေခံ၍ ခွဲခြားဆက်ဆံမှု ကင်းရှင်းစေရန်နှင့် မြန်မာနိုင်ငံတွင် တရားမျှတမှု၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကျိုးကျေးဇူးများကို တန်းတူညီမျှ ခံစားနိုင် စေရန်"ဖြစ်သည်။အဆိုပါဦးတည်ချက်ကိုဖော်ဆောင်နိုင်ရန် အောက်ပါရည်ရွယ်ချက်များဖြင့် မြန်မာ နိုင်ငံတွင် အကောင်ထည်ဖော်ဆောင်ရွက်နေပါသည်။

- နိုင်ငံသားအခွင့်အရေးများနှင့် လူမျိုး၊ ကျား၊ မ ကွဲပြားမှုတို့ကို မခွဲခြားဘဲ အသိပညာပေးခြင်းနှင့် ဒီမိုကရေစီ လုပ်ငန်းစဉ်တွင် နိုင်ငံသားများ၏ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ရန်။
- အဂတိလိုက်စားမှုနှင့် ပြည်သူ့ဘဏ္ဍာငွေအလွဲသုံးစားမှုအပေါ် ချိုးဖောက်မှုများကို ထောက်ပြရုံသာမက စီမံကိန်းနှင့်ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းစဉ်များတွင် ၎င်းတို့၏ ပါဝင် ပတ်သက်မှုများ/အောင်မြင်မှုများ/ပံ့ပိုးမှုများကိုပါ ပေါင်းစပ်ထည့်သွင်းပေးသည့် အရပ်သား စောင့်ကြည့်ရေးယန္တရား၏ အရေးပါမှုကို ပိုမိုလက်ခံနိုင်ရေးအတွက် ဒေသဆိုင်ရာ အာဏာပိုင် များနှင့် အာဏာသက်ဆိုင်သူများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးပါသည်။
- အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုကို အားကောင်းလာစေရန်နှင့် အမျိုးသမီးများ၏ အခွင့်အရေးများကို တွန်းအားပေးရန်နှင့် ကျားမတန်းတူညီမျှမှု ရရှိစေရန်။
- ဖက်ဒရယ်စနစ်ဆီသို့ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ပေါ်ပေါက် လာစေရန်နှင့် ပိုမိုကျယ်ပြန့်သော ဒီမိုကရက်တစ် လူထု၏ ပူးပေါင်းပါဝင်မှု၏ အရေးပါပုံကို ပြည်သူများအား အသိပေးခြင်း၊ မဲဆန္ဒရှင်များအား မဲပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အရပ်ဘက်ပညာပေးခြင်းများအကြောင်း မဲဆွယ်စည်းရုံးခြင်းဆိုင်ရာ သတင်းအချက်အလက် လှုပ်ရှားမှုများ။

## ၅။ စီမံချက် အကျိုးသက်ရောက်မှု အကဲဖြတ်ခြင်း လေ့လာသုံးသပ်ချက် အစီအစဉ် အကျဉ်းချုပ်

စီမံကိန်းစွမ်းဆောင်မှု အကျိုးသက်ရောက်မှု လေ့လာအကဲဖြတ်ခြင်း လုပ်ငန်းစဉ်ကို ဇူလိုင်လ(၁၅)ရက်မှ ဩဂုတ်လ (၃၀)ရက် တွင်းအပြီးသတ်နိုင်ရန် ပြင်ဆင်ထားခဲ့သည်။ စီမံကိန်း၏ အကောင်အထည်ဖော်မှု၏ အကျိုး သက်ရောက်မှုကို အကဲဖြတ်ရန်အတွက် စီမံကိန်းဧရိယာမြို့နယ်(၆)ခုရှိ ကျေးရွာ (၁၂၀)တွင် အကျိုးခံစားခွင့် ရှိသူ(၂၆၆)ဦး နှင့်တွေ့ဆုံ၍ အချက်အလက်များ ကောက်ယူခြင်း၊ တစ်ဦးချင်း အင်တာဗျူး မေးခွန်းများ မေးခြင်းနှင့် အုပ်စုဖွဲ့ဆွေးနွေးမှုများကို ဆောင်ရွက်ရန်ဖြစ်သည်။လေ့လာမှု ရလဒ်များသည် ပါဝင်သူများ ၏ စေ့ဆော်မှုနှင့် လူမှုရေးအလေ့အထများအပြင် ၎င်းတို့၏ အတွေ့အကြုံများ၊ လူမှုအသိုင်းအဝိုင်းများနှင့် ဘဝ၏ အခြားရှုထောင့် များကို မည်ကဲ့သို့ ရှုမြင်သည် သို့မဟုတ် ရှုမြင်ပုံတို့ကို ထိုးထွင်းသိမြင်နိုင်ရန် ရည်ရွယ်ပါသည်။ ဒေသဆိုင်ရာ အကြောင်းအရာများ၊ ဒေသဆိုင်ရာပြဿနာများ၊ ပါဝင်သူများ၏ခံယူချက်နှင့် FSSP ပံ့ပိုးမှုမှချက်ချင်းရလဒ် များပါဝင်မည့် အကျိုးသက်ရောက်မှု အကဲဖြတ်ခြင်း အစီရင်ခံစာကို ပံ့ပိုးပေးမည်ဖြစ်ပါသည်။

ဤအကဲဖြတ်မှုသည်ဒေတာစုဆောင်းရာတွင်ပိုမိုထိရောက်စေရန်အတွက်ဖော်ပြထားသောအောက်ပါ နည်းလမ်းများကို အသုံးပြုခြင်းဖြင့် အရည်အသွေးကောင်းသော အချက်အလက်များကို စုဆောင်းထားပါသည်-

၁) RM နှင့် Technical Team မှ ဝန်ထမ်းများနှင့် ဆွေးနွေးခြင်း။

၂) Project Concept Note၊ Base Line Survey အစီရင်ခံစာနှင့် အခြားသော ပရောဂျက်ဆိုင်ရာ စာရွက်စာတမ်းများကို ပြန်လည်သုံးသပ်ခြင်း။

၃) ပါဝင်ဖြေဆိုသူများနှင့်အုပ်စုဖွဲ့ဆွေးနွေးမှုရလဒ်များကိုပြန်လည်သုံးသပ်ခြင်း

ဦးတည်အုပ်စုများ

- ToT သင်တန်းအစီအစဉ် သုံးခုမှ ရွေးချယ်ထားသော သင်တန်းသား ၆ ဦး
- တရားဥပဒေကူညီမှုအစီအစဉ်မှ ရွေးချယ်ထားသော ၂ ဦး
- အကျိုးခံစားခွင့်ရှိသူ ၆၀၀ မှ (၂၄၀) ဦး နှင့် အုပ်စုဖွဲ့ဆွေးနွေးမှု ၆ ခု (ရပ်ရွာနေထိုင်သူများနှင့် လူသားချင်းစာနာမှုအကူအညီအစီအစဉ်၏ IDPs
- အမျိုးသမီးများ ဆွေးနွေးပွဲကဏ္ဍ လှုပ်ရှားမှုမှ ရွေးချယ်ထားသော ပါဝင်သူ ၂ ဦး
- အကြမ်းဖက်မှုအစီအစဉ်အပေါ် စောင့်ကြည့်လေ့လာခြင်းမှ ရွေးချယ်ထားသော ပါဝင်သူ ၂ ဦး
- စစ်တမ်း (120 HHS) တွင် အိမ်ထောင်စုများ၏ လူသားချင်းစာနာမှုအကူအညီပေးရေးအစီအစဉ်၏ ၂၀% နှင့် စွမ်းရည်မြှင့်တင်ခြင်းအစီအစဉ်မှသင်တန်းသား (၄၀) တို့ပါဝင်ရန်ဖြစ်သည်။

RM ပရောဂျက်အဖွဲ့သည် အကျိုးသက်ရောက်မှုအကဲဖြတ်ခြင်းလုပ်ငန်းစဉ်အတွက် အခြေခံစစ်ဆေးစာရင်း နှင့် ဒေတာကို ဖော်ထုတ်မည့်လုပ်ငန်းစဉ်အတွက် အချက်အလက်ကောက်ယူသူများကို သင်တန်း ပြုလုပ်ပေးခြင်း၊ စစ်တမ်း မေးခွန်းများ ပြင်ဆင်ပေးခြင်း၊ လုပ်ငန်းစဉ်ဆောင်ရွက်မှု ၏ဖြစ်ပေါ်လာနိုင်သော စိန်ခေါ်မှုနှင့် အခက်ခဲများကိုပြင်ဆင်ပေး ခြင်းတို့ကိုပြုလုပ်ခဲ့သည်။ စီမံကိန်းစွမ်းဆောင်မှုဆိုင်ရာ အကဲဖြတ် ခြင်း၏ ရည်ရွယ်ချက်မှာ ပံ့ပိုးကူညီမှုကို အကဲဖြတ်ရန်ဖြစ်သည်။

I. ပရောဂျက်၏ ရည်ရွယ်ထားသော ရလဒ်များ၏ အောင်မြင်မှုအတွက် အထောက်အထားများကို ခွဲခြားသတ်မှတ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် မှတ်တမ်းတင်ခြင်း။

II သင်ယူခဲ့သောသင်ခန်းစာများ၊ အလေ့အကျင့်ကောင်းများ၊ အားကောင်းစေမည့် နယ်ပယ်များနှင့် ဖြစ်နိုင်ခြေရှိသော အန္တရာယ်များကို ခွဲခြားသတ်မှတ်ကာ ပရောဂျက်အသစ်များ၏ ဒီဇိုင်းကို အသိပေးရန်အတွက် အကြံပြုချက်များကို ပံ့ပိုးပေးပါသည်။

III စည်းရုံးရေးမှူးများနှင့် သင်တန်းသားများအတွက် သင်ယူမှုယဉ်ကျေးမှုကို မြှင့်တင်ရန်အတွက် ပူးပေါင်းပါဝင်မှုလုပ်ငန်းစဉ်ကို လွယ်ကူချောမွေ့စေပါသည်။ မီဒီယာတတ်မြောက်မှုနှင့် ဒစ်ဂျစ်တယ်လုံခြုံရေး အတွက် ၎င်းတို့၏ သဘောထားနှင့် အပြုအမူဆိုင်ရာ ပြောင်းလဲမှုများ။

ဤအစီရင်ခံစာသည် Rain Maker အဖွဲ့၏ တနှစ်တာစီမံချက်၏ ဒေသခံများအပေါ် အကျိုးသက်ရောက်မှု မည်သို့ ရှိခဲ့သည်ကို အကဲဖြတ်ရန်မေးမြန်းခဲ့သော အချက်အလက်များကို လေ့လာ သုံးသပ်ပြီး တင်ပြထားခြင်း ဖြစ်ပါသည်။

### ၅.၁ ။ ရည်ရွယ်ချက်

Impact evaluation (စီမံချက်စွမ်းဆောင်မှု အကျိုးသက်ရောက်ခြင်း လေ့လာသုံးသပ်ချက် အစီရင်ခံစာ) လုပ်ငန်း၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်ခဲ့ပြီးသော စီမံချက်မှ ရလာဒ်များသည် ဒေသ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိ မရှိ သိနိုင်ရန်၊ အတွေ့အကြုံများမှ လေ့လာသင်ယူပြီး ပိုမိုကောင်းမွန်သော စီမံချက်လုပ်ငန်းများအတွက် အဆိုပြု လုပ်ဆောင်နိုင်ရန် ဖြစ်ပါသည်။

### ၅.၂ ။ အသုံးပြုသောနည်းလမ်း

Rain Maker အဖွဲ့၏ မွန်ပြည်နယ်တွင်းရှိ ကျိုက်ထို၊ ဘီလင်း၊ သထုံ၊ မုဒုံ၊ သံဖြူဇရပ်၊ ရေး မြို့နယ်များတွင် လုပ်ဆောင်ခဲ့သည့် "ပဋိပက္ခကာလအတွင်း အမျိုးသမီးများအခွင့်အရေးကာကွယ်သူများနှင့် LGBT အုပ်စုများအတွင်း မိမိကိုယ်ကို စိတ်ခွန်အားပေးနိုင်ရန်နှင့် ကြံ့ကြံ့ခိုင်ရပ်တည်နိုင်ရန်" စီမံချက် နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများကို လေ့လာသုံးသပ်ခဲ့ရာတွင် အောက်ပါ အချက်အလက်များအပေါ် မူတည်ပြီးတင်ပြထားပါသည်။


၁။ KII ဖြေဆိုခဲ့သူ ၁၂ ဦး (၂ဦးx ၆ မြို့နယ်)

၂။ FGD ၆ ကြိမ် ( ၃၁ ဦး)

၃။ တစ်ဦးချင်းစစ်တမ်းကိုဖြေဆိုပေးခဲ့သူ **၂၆၆** ဦး

ဖြေဆိုသူများတွင် အမျိုးသမီး (၂၄၉) ဦး၊ အမျိုးသား (၁၃) ဦး နှင့် LGBT (၄) ဦး ပါဝင်ပါသည်။ အသက်အရွယ်များမှာ ၁၈ နှစ်မှ ၃၅ နှစ်ကြား (၁၂၁) ဦး၊ ၃၅ နှစ်မှ ၅၅ နှစ်ကြား (၁၀၇) ဦး၊ ၅၅ နှစ်အထက် (၃၈) ဦး ပါဝင်ပါသည်။ စုစုပေါင်း (၂၆၆) ဦးတွင် စစ်ဘေးရှောင်စခန်းမှ(၇) ဦး၊ ရပ်ရွာတွင် နေထိုင်သူဒေသခံ (၉၇) ဦး၊ အရပ်ဘက်လူမှုအဖွဲ့အစည်းမှ (၁၇) ဦး၊ တက်ကြွလှုပ်ရှားသူ (၆) ဦး၊ ထိခိုက်ခံစားခဲ့ရသူ (၂) ဦး တို့ ပါဝင်ပါသည်။

### ၅.၃။ စီမံချက် အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းစဉ်တွင် ပါဝင်ဖြေဆိုသူများစာရင်း



## ၅.၄ ။ တွေ့ရှိချက်များ

### ၁. Digital security သင်တန်း

Rain Maker မှ ToT သင်တန်း (၃) မျိုး စီစဉ်ပေးခဲ့ပါသည်။ တက်ရောက်ဖူးသူများအား အားမေးမြန်းခဲ့ရာတွင် ဆက်သွယ်ရေး နည်းပညာလုံခြုံမှု (Digital security) သင်တန်းတက်ဖူးသူ (၈၅) ဦး အနက် မိမိကိုယ်တိုင်အတွက်အသုံးဝင်သူ (၅၉) ဦးရှိပြီး၊ အဖွဲ့အစည်းလုံခြုံရေးအတွက် ဆောင်ရွက်နိုင်ခဲ့သူ (၅) ဦး၊ ရပ်ရွာတွင်း ပြန်လည် မျှဝေနိုင်သူ (၉) ဦး ရှိခဲ့ပါသည်။

### ၂. Self-care သင်တန်း

မိမိကိုယ်ကို စောင့်ရှောက်ခြင်း (Self-care) သင်တန်းပြီးသူ (၈၀) ဦး အားမေးမြန်းနိုင်ခဲ့ရာတွင် မိမိကိုယ်တိုင်၏ နေ့စဉ်ဘဝ ကို ပိုမိုတန်ဖိုးထားတတ်လာသူ (၃၁) ဦး၊ အခြားသူများအား ကူညီအားပေးနိုင်သူ (၁၀) ဦး၊ ရပ်ရွာတွင် ပြန်လည်မျှဝေသူ (၂၉) ဦး ရှိခဲ့ပါသည်။


### ၃. GBVP သင်တန်း

ကျားမ အခြေပြု အကြမ်းဖက်မှု လျှော့ချကာကွယ်ရေး (GBVP) သင်တန်းတက်ရောက်ဖူးသူ(၈၄) ဦးအားမေးမြန်းခဲ့ပြီး၊ ပြန်လည်ဝေမျှနိုင်သူ (၅၁) ဦး၊ စီမံဆောင်ရွက်မှု သင်တန်းပြန်လည်ပေးနိုင်သူ (၃) ဦး၊ ကျားမ အခြေပြု အကြမ်းဖက်မှု လျှော့ချရေး အသိပညာပေး သင်တန်း ပြန်လည်ပေးနိုင်သူ (၉) ဦး၊ အကြမ်းဖက်ခံရသူများအား ချိတ်ဆက်ကူညီပေးနိုင်ခဲ့သူ (၇) ဦး ရှိခဲ့ပါသည်။

### ၄. သင်တန်း(၃) မျိုးအားလုံးရရှိသူများ

သင်တန်း ၃ မျိုးလုံးတွင် သင်တန်းတက်ရောက်ပြီး မည်သည့် လုပ်ငန်းမှ မလုပ်နိုင်ခဲ့သူ (၁၀) ဦးမှ (၁၂) ဦး ထိ ရှိခဲ့ပါသည်။ သင်တန်းများတွင်တက်ရောက်သူ အတွက် အသုံးဝင်မှု ရှိသော်လည်း၊ ToT သင်တန်း တက်ရောက်ခဲ့သူများသည် ပြန်လည် သင်တန်းပို့ချနိုင်မှု အားနည်းသည်ကို တွေ့ရပါသည်။ ထို့ကြောင့် မည်သည့်အခက်အခဲများကြောင့် မပြုလုပ်နိုင်သည်ကို မေးမြန်းစုံစမ်းသင့်ပါသည်။သင်တန်းသား ၁၂ ဦးနှင့် တွေ့ဆုံ၍ Key Indepth Interview တွင် သင်တန်းမှ ရရှိသောလေ့လာမှုများ၏ မိမိတို့ကိုယ်တိုင်(သို့) မိမိတို့လူမှုပတ်ဝန်းကျင်အတွက် လက်တွေ့အသုံးဝင်မှု အခြေအနေသည်၎င်းတို့၏ဖြေဆိုမှုအရ (၆)ဦး သည်လက်ရှိတွင် GBVP သင်တန်းဆရာများ အဖြစ်လုပ်ကိုင်နေပြီး ၊ဒေသတွင်း ကျား/မရေးရာ အကြမ်းဖက်မှု ကွန်ယက်တွင်ပါဝင်နေပြီးဖြစ်သည်။

## ၅.၄.၁။ သင်တန်းများ၏ အကျိုးသက်ရောက်မှု အခြေအနေပြပုံ




| | ကိုယ်တိုင်အတွက်အသုံးဝင် | အဖွဲ့အတွက်အသုံးဝင် | ရပ်ရွာတွင်ပြန်လည်ဝေမျှခဲ့ | ဘာမှမလုပ်ခဲ့ပါ | GBV ကိစ္စများကို ကူညီဆောင်ရွက်မှုသင်တန်း | GBV အသိပညာပေးသင်တန်း | GBV ကိစ္စ ကူညီနိုင်သူထံ ညွှန်းပို့ပေးခြင်း |
|---|---|---|---|---|---|---|---|
| Digital security | 59 | 5 | 9 | 12 | 0 | 0 | 0 |
| Self care | 31 | 10 | 29 | 10 | 0 | 0 | 0 |
| GBV prevention | 0 | 0 | 51 | 15 | 3 | 8 | 7 |

**(က) အုပ်စုလိုက်ဆွေးနွေးချက်များ(FGD)**

အုပ်စုလိုက်ဆွေးနွေးချက်များ(FGD) မှတ်တမ်းများအရ သင်တန်းများတွင် ပို့ချပေးခဲ့သော သင်တန်းနည်းပြများမှာ ဘာသာရပ်များကို ပိုင်နိုင်စွာ ပို့ချနိုင်သည်ဟု မှတ်ချက်ပြုကြပါသည်။ သို့သော် နယ်မြေ၏ အင်တာနက် ရရှိမှုအခြေအနေနှင့် ဖုန်းအသုံးပြုနိုင်မှု အခြေအနေများအရ အွန်လိုင်းသင်တန်းများထက် လူတွေ့သင်တန်းများသည် ပိုမိုထိရောက်မှုရှိသည့်အတွက် လူကိုယ်တိုင်တွေ့ဆုံသည့် သင်တန်းများကိုသာ ပိုမို တက်ရောက်လိုကြောင်း တွေ့ရပါသည်။ သင်တန်းတက်ခဲ့သူ (၈၅) ဦးတွင် ဖုန်းဘေလ် ထောက်ပံ့ငွေ (၄၅၀၀၀) ကျပ်နှင့် အခြား ပံ့ပိုးပစ္စည်းများကို မရရှိသူ (၁၆) ဦး ရှိပြီး၊ ကျန်သူများမှာ လက်ခံရရှိခဲ့ပါသည်။ လက်ခံရရှိသူများမှ (၅၉) ဦးမှ အသုံးဝင်ပါသည်ဟု ဖြေဆိုခဲ့ပါသည်။ ကျန်သူများသည် သင်တန်းသားများမဟုတ်ပဲ NETWORKING MEETING တွင်ပါဝင်ကြပြီး တရက်တာ ဖုန်းဘေ(၂၀၀၀၀)၊ အိတ်၊ POWER BANK များရရှိသည်ဟုဖြေဆိုကြသည်။



FGD အုပ်စုဆွေးနွေးမှု အချက်အလက်များအရ၊ သင်တန်းများမှရသော ဗဟုသုတများကို လက်တွေ့အသုံးချနိုင်ခဲ့သည်များ ရှိပါသည်။ နည်းပညာလုံခြုံမှုကို ပိုမို နားလည်ပြီး အခြားသူများအားလည်း ဝေငှနိုင်သူများရှိပါသည်။ မိမိကိုယ်ကို စောင့်ရှောက်ခြင်း(self-care) သင်တန်းများအားဖြင့်လည်း ခက်ခဲကျပ်တည်းချိန်များအတွင်း မိမိကိုယ်မိမိ အားပေးနှစ်သိမ့်နိုင်မှုရလာသည်များကို ဆွေးနွေးပါသည်။ အချို့မှာ မိမိတို့ရပ်ကွက်အတွင်းမှ အိမ်တွင်းအကြမ်းဖက် မှုတခုအပေါ် နည်းလမ်းတကျ ကူညီဆောင်ရွက် ပေးနိုင်ခဲ့သည်ကို တင်ပြဆွေးနွေးထားပါသည်။ လက်ကမ်းစာစောင်များတွင်ပါသော အကြမ်းဖက်ခံရပါက ဆက်သွယ်ဆောင်ရွက်နိုင်သည့် အဖွဲ့အစည်းနှင့်လိပ်စာများအရ ချိတ်ဆက် ညွှန်းပို့ပေး နိုင်ခဲ့သည်များလည်း ရှိ ခဲ့ကြောင်း တွေ့ရပါသည်။ ဖြေဆိုသူများတွင် ဥပဒေပိုင်းဆိုင်ရာ အကူအညီရရှိသူ (၅) ဦး နှင့် တွေ့ဆုံမေးမြန်းမှုရှိပြီး အကူအညီမှာ ထိရောက်မှုရှိသည်ဟု ဖြေဆိုထားပါသည်။

**(ခ) Voice of community (အကျိုးခံစားခွင့် ရရှိသူ တဦး၏ အသံ)**

CODE -002-KTO ကျွန်မက Rain Maker ၏ စီမံကိန်းလုပ်ငန်းစဉ်တွေမှာ သင်တန်းသားရော စေတနာ့ဝန်ထမ်း စတာတွေမှာပါဝင်ခဲ့သူပါ။ToT သင်တန်း(၃)ခုလုံးမှာ ပါဝင်ခဲ့ပါတယ်။ သင်တန်းအားလုံးက ကျွန်မအတွက်တော့လက်ရှိ အခက်အခဲတွေကြားမှာ ရပ်တည်နိုင်ဖို့ အများကြီးအထောက်ပံ့ဖြစ်ခဲ့တယ်။ အထူးသဖြင့်ဒီဂျစ်တယ်လုံခြုံရေးဆိုင်ရာ သင်တန်းဆိုရင်ခုလိုစစ်ဆေးမှုတွေများပြီး (၅၀၅) နဲ့ ဖမ်းဆီးနေတာတွေကို ကာကွယ်နိုင်ခဲ့တယ်၊ ၊ကျား/မရေးရာ အကြမ်းဖက်မှု ကတော့ဒီတိုင်း သာမာန် အသိပညာပေးမဟုတ်ပဲ အမှုအခင်းစီမံမှုနဲ့ ဥပဒေပိုင်းဆိုင်ရာတွေကိုပါ လေ့လာခဲ့ရတယ်။ မိမိကိုယ်တိုင် စောင့်ရှောက်မှုကတော့ အခက်ခဲတွေကြားမှာ ရှင် သန်နေရသူတွေ အတွက်တကယ့်ကို စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုဖြစ်စေပါတယ်။ ဒီသင်တန်းလေ့လာမှုကနေအခု ကျွန်မကိုယ်တိုင်အတွက်ကတော့ သင်တန်း ဆရာမ အဖြစ်လက်ရှိ လုပ်ဆောင်နေပြီးအဖွဲ့အစည်းတွေနဲ့ ချိတ်ပြီး လုပ်နေတယ်၊ ၊ဒေသတွင်း မိမိလူမှု ပတ်ဝန်းကျင်အတွက် အသိပညာပေးမျှဝေနိုင်တယ်။ သင်တန်းသားတွေကို ပါဝါဘဏ်နဲ့ အိတ်တွေသင်ရိုးစာအုပ်တွေနဲ့ ဖုန်းဘေလ်က (၄၅,၀၀၀)ကျပ်ကို ကျွန်မကသင်တန်း(၃)ကြိမ်တက်တော့ (၁၃၅,၀၀၀)ကျပ် လက်ခံရခဲ့တယ်။ အများကြီးအထောက်ပံ့ဖြစ်ခဲ့ပါတယ်။လျှပ်စစ်မီးအခက်ခဲရှိတဲ့ကာလမှာ ပါဝါဘဏ်ရှိနေတော့ချိတ်ဆက်မှုမပြတ်ခဲ့ပါဘူး။

**(ဂ) Voice of community (အကျိုးခံစားခွင့် ရရှိသူ တစ်ဦး၏ အသံ)**

**ပုံမှန်စကားဝိုင်းတွေ့ဆုံပွဲများ**

**CODE-003 BL** ကျွန်မကတော့ BRIGHT FUTURE အဖွဲ့ကပါ Rain Maker အမျိုးသမီးစကားဝိုင်းအစီအစဉ် မှာပါဝင်ခဲ့တယ်။ ကျွန်မတို့ဆွေးနွေးပွဲခေါင်းစဉ်ကတော့ ကျား/မရေးရာ အကြမ်းဖက်မှုလျှော့ချရေးနဲ့အကူညီပေးရေး အစီအစဉ်ပါ။ ဒီဆွေးနွေးပွဲကနေကျွန်မတို့က ကွန်ယက် ချိတ်ဆက်ဆွေးနွေးပွဲတွေ

ပုံမှန်လုပ်ဖို့နဲ့ ကူညီထောက်ပံ့ရေး ချိတ်ဆက် မှု တွေကို လုပ်ဆောင်နိုင်ခဲ့တယ်။ခုလက်ရှိမှာဆိုရင် သတင်းအချက်အလက်ပုံမှန်မျှဝေနေပြီး လွှဲပြောင်းမှုပိုင်းတွေကိုလဲ သက်ဆိုင်ရာ လိုက် ချိတ်ဆက်နေပါတယ်။

ပုံမှန်စကားဝိုင်းတွေဆုံပွဲများတွင် တက်ရောက်ခဲ့သူများထဲမှ (၁၇) ဦးနှင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။ ထိုစကားဝိုင်းဆွေးနွေးပွဲများမှတဆင့် ဒေသတွင်းရှိ အမျိုးသမီးအဖွဲ့အစည်းများ အချင်းချင်း ချိတ်ဆက်နိုင်မှုများပိုမို အားကောင်းခဲ့သည်ကို ဖြေဆိုကြပါသည်။ သတင်းအချက်အလက်များ မျှဝေးနိုင်ခဲ့ကြသည်။ ကျားမအခြေပြု အကြမ်း ဖက်မှုကိစ္စများကိုဖြေရှင်းရန် ပူးပေါင်းဆောင်ရွက်ခဲ့မှုများလည်း အနည်းငယ်ရှိခဲ့ပါသည်။

သင်တန်းပြီးသူများအတွက် မိမိလူမှုပတ်ဝန်း ကျင်မှာပြန်ပြီးသင်တန်း ပေးချင်ပါတယ်။အဲ့ဒီအတွက် RAIN MKAER က Multiplier Session Package တွေပံ့ပိုးပေးစေ ချင်ပါတယ်။ အချို့ကျေးရွာတွေမှာအများကြီးလိုအပ်နေပါတယ်။



**TOT သင်တန်းတက်ရောက်ခဲ့သူကျေးရွာအမျိုးသမီးခေါင်းဆောင်နှင့်တွေ့ဆုံမေးမြန်းစဉ်**

**(ဃ) လက်ကမ်းစာစောင်များကို လက်ခံရရှိသူ**

စစ်တမ်း ဖြေဆိုခဲ့သူများတွင်Rain Maker အဖွဲ့မှ ဖြန့်ချိ ခဲ့သော လက်ကမ်းစာစောင်များကို လက်ခံရရှိသူ (၈၀) ရာခိုင်နှုန်းခန့်ရှိခဲ့ပါသည်။ သို့သော် လက်ကမ်းစာစောင်တွင် ဖော်ပြထားချက်များအပေါ် နားလည်ပြီး၊ နှစ်သက်သည်ဟု ဖြေဆိုသူ မှာ လက်ခံရရှိသူ၏ (၁၆) ရာခိုင်နှုန်းခန့်သာ ရှိပါသည်။ လက်ခံမရခဲ့သူ (၅၀) ဦးတွင် တစ်ဦးကသာ မလိုချင်ပါဟု ဖြေဆိုခဲ့ပြီး (၄၉) ဦးမှာ အခွင့်အရေး ရလျှင် လိုချင်သည်ဟု ဖြေကြပါသည်။ အုပ်စုဆွေးနွေးပွဲ (FGD) များတွင်မူ လက်ကမ်း စာစောင်ပါ အချက်အလက်များမှာ အလွန်အသုံးဝင်ကြောင်း နှင့် ရပ်ရွာတွင်း အသိပညာပေး လုပ်ဆောင်ခြင်းအတွက် အလွန်အထောက်အပံ့ဖြစ်စေသည်ဟုဆွေးနွေးကြပါသည်။ ယခုလို လူစုရန် ခက်ခဲသော အခြေအနေနှင့် အင်တာနက် မရနိုင်သော ဒေသများတွင် လက်ကမ်းစာစောင်ပါ ကျားမအခြေပြု အကြမ်းဖက် မှုဆိုင်ရာ အသိပညာပေး အချက်အလက် များနှင့် အကြမ်းဖက်မှု ခံရပါက အကူအညီပေးနိုင်သည့် အဖွဲ့အစည်းများကို ဆက်သွယ်နိုင်ရန် ဖော်ပြထားမှုသည် အလွန် အသုံးဝင်ကြောင်း သိရပါသည်။ လက်ကမ်းစာစောင်များကို သင်တန်း များ၊ ကမ်ပိန်းလှုပ်ရှားမှုများတွင် ရရှိခဲ့သူ အများ စုဖြစ်ပါသည်။

**(င) လူသားချင်းစာနာမှု အကူအညီပစ္စည်းများရရှိမှု**

လူသားချင်းစာနာမှု အကူအညီပစ္စည်းများပေးဝေ ရာတွင် ရရှိသူများအနေဖြင့်လက်ခံရရှိသော ပစ္စည်း များ အပေါ် နှစ်သက်ကျေနပ်ကြပါသည်။ အမှန် တကယ် လိုအပ်နေသော ပစ္စည်းများ ဖြစ်ပါသည်။ Rain Maker အဖွဲ့အနေဖြင့် ပစ္စည်းလက်ခံရရှိ မည့်သူအမျိုးအစားကို ရွေးချယ်သတ်မှတ်ရာတွင် သက်ဆိုင် သူ အားလုံး ရှင်းရှင်းလင်းလင်း နားလည် အောင် အသိပေး ခဲ့ကြောင်းတွေ့ရပါသည်။ သို့သော် ဒေသ လိုအပ်ချက်မှာ အလွန်များပြားသဖြင့် သတ်မှတ်ချက်နှင့် မကိုက်ညီသော်လည်း အမှန်တကယ်လိုအပ်နေသူ မိသားစုများလည်း ကျန်နေသေးသည့်အတွက် ထိုသူများအတွက်ပါ စဉ်းစားပေးစေလိုကြောင်း အကြံပြုချက်များလည်း တွေ့ရပါသည်။

**(စ) ထပ်မံ ပံ့ပိုးပေးစေလိုသော အရာများ**


ထပ်မံ ပံ့ပိုးပေးစေလိုသော ပစ္စည်းများတွင် စားနပ်ရိက္ခာ (ဆန်၊ဆီ၊ အသားတုံ၊ ခေါက်ဆွဲခြောက် အစား အာလူး ၊ကြက်သွန် စသည်) အမိုးအကာ၊ အနွေးထည်၊ ခြင်ထောင်၊ ဆိုလာမီး၊ ဓာတ်မီး၊ ကလေးငယ်များအတွက် စာရေး ကိရိယာ၊ စိုက်ပျိုးရန် မျိုးစေ့၊ စိုက်ပျိုးနည်း/မွေးမြူနည်း လက်ကမ်းစာစောင်များ၊ အခြေခံ အိမ်သုံးဆေးဝါးများ၊ အမျိုးသမီးများတွက် တကိုယ်ရေသန့်ရှင်းရေး ပစ္စည်းများ စသည်တို့ ပံ့ပိုးပေးစေလိုကြောင်းနှင့် ဒေသအတွက် လိုအပ်ချက်များကိုဖော်ပြရာတွင်၊ အလုပ်အကိုင်အခွင့်အလန်းကို ဖန်တီးပေးနိုင်မည့် သင်တန်းများ၊ ကျားမ အခြေပြု အကြမ်းဖက်မှု ကာကွယ်ရေးသင်တန်းများ၊ မူးယစ်ဆေးအန္တရာယ်အသိပညာပေးသင်တန်းများ၊ သားဆက်ခြား ကျန်းမာရေး သင်တန်းများ၊ ရှေးဦးသူနာပြုစုနည်း စသည့်သင်တန်းများလိုအပ်ကြောင်း တင်ပြထားကြပါသည်။

**(ဆ) အကြမ်းဖက်မှုများကို စောင့်ကြည့်လေ့လာခြင်း**




အကြမ်းဖက်မှုများကို စောင့်ကြည့်လေ့လာ မှတ်တမ်းယူသည့် လုပ်ငန်းတွင် ပါဝင်ခဲ့သူများ၏ အတွေ့အကြုံမှာ ကာယကံရှင်ကိုယ်တိုင်က အကြမ်းဖက်ခံရသည်ကို နားမလည်ခြင်း၊ တပါးသူအား ပြန်လည် မပြောပြလိုခြင်း စသော အခက်အခဲများလည်းရှိပါသည်။ သို့သော် မိမိတို့ အချင်းချင်း ရင်းနှီးနေသော ရပ်ရွာလူထု အတွင်း ယုံကြည်မှု တည်ဆောက် ပြီး မှတ်တမ်းရယူနိုင်ခြင်းလည်း ရှိခဲ့ပါသည်။ ခံရသူကိုယ်တိုင်က ပူးပေါင်း ဆောင်ရွက်မှသာ ပိုမို အဆင် ပြေမည် ဟုဆွေးနွေးပါသည်။

### ၅.၄.၂။ ဖြေဆိုခဲ့သူအမျိုးအစားများပြပုံ




### ၅.၄.၃။ ဗဟုသုတမျှဝေခဲ့ သည့် လူဦးရေအခြေအနေပြပုံ




စစ်တမ်းဖြေဆိုခဲ့သူများတွင် Rain Maker မှ စီစဉ်ပေးခဲ့သော သင်တန်းများမှ လေ့လာခဲ့သည်များကို အခြားသူများအား ထပ်ဆင့် မျှဝေနိုင်ခဲ့မှုတွင် (၁၀) ဦးမှ (၁၅) ဦးအတွင်း ဖြန့်ဝေနိုင်ခဲ့သူ **(၄၉)** ဦး၊ (၁၅) ဦးမှ (၅၀) ဦး အတွင်း ဖြန့်ဝေနိုင်ခဲ့သူ **(၂၀)** ဦး၊ (၅၁) ဦးမှ (၁၀၀) ဦး အတွင်း ဖြန့်ဝေနိုင်ခဲ့သူ **(၄)**ဦး ရှိသည့်အတွက်

စာရင်းတွက်ချက်မှုခန့်မှန်းခြေအားဖြင့် အနည်းဆုံး လူ (၁၀၀၀ -၂၀၀၀) ဦး ကြား၊ သွယ်ဝိုက်အကျိုးခံစားခွင့် ရှိခဲ့ပါသည်။



**စီမံကိန်းအကျိုးခံစားခွင့်ရှိသူတဦးနှင့်တွေ့ဆုံ၍စစ်တမ်းမေးမြန်းစဉ်**

## ၅.၅။ စီမံချက်အကဲဖြတ်မှုလုပ်ငန်းစဉ်ပြုလုပ်ရာတွင် အကန့်အသတ်များနှင့် အတားအဆီးများ

- လေ့လာသုံးသပ်ချက် အစီရင်ခံစာပြင်ဆင်မှုအတွက် ဒေတာကောက်ယူမှုပိုင်းတွင် စီမံချက် ဧရိယာများတွင် ရေကြီးရေလျှံမှု များဖြစ်ပေါ်နေပြီး ဒေသတွင်းတိုက်ပွဲ ဖြစ်ပွားမှုများ မြင့်တက်လျှက်ရှိနေသည်။ သို့ဖြစ်၍ အစီရင်ခံစာအပြီးသတ်ပေးပို့မှု ပိုင်းတွင် နောက်ကျခဲ့သည်။
- ထို့ပြင် သင်တန်းသားအချို့သည် ပြည်ပသို့ အလုပ်သွားရောက်လုပ်ကိုင်မှုများရှိခြင်း ၊ရေးဘေးကြောင့် ရွှေ့ပြောင်းမှုများ ရှိသောကြောင့် ဆက်သွယ်ရခက်ခဲမှုများ ရှိခဲ့သည်။ ဒေသတွင်း မတည်ငြိမ်မှုကြောင့် ကျေးရွာအချို့သို့ သွားရောက်ရာတွင် စစ်ဆေးမေးမြန်းမှုများ ရှိခဲ့သည်။
- စီမံချက် လေ့လာသုံးသပ်မှု လုပ်ငန်းစဉ်သည် စီမံကိန်းတိုင်းအတွက် လိုအပ်ပြီး စီမံကိန်းအဆိုပြုလွှာ တင်စဉ်ကပင်ပြင် ဆင်ထားပါကပို၍အကျိုးရှိပါသည်။

## ၅.၆ ။ အကြံပြုချက်များ

- သင်တန်းများသည် တက်ရောက်သူများအတွက် လက်တွေ့အသုံးကျပါသည်။ သို့သော် TOT သင်တန်း ဖြစ်သည့်အတွက် ပြန်လည်ပို့ချနိုင်သည့် နည်းပြများ မွေးထုတ်ပေးနိုင်ရန်နှင့်သင်ရိုးပြင်ဆင်ပေးနိုင်ရန်၊ ဆင့်ပွား သင်တန်းအတွက် ငွေကြေး စီမံပေးနိုင်ရန်အတွက်ပါ အစီအစဉ်ဆွဲသင့်ပါသည်။
- စကားဝိုင်းဆွေးနွေးပွဲများအားဖြင့် ကွန်ရက်ချိတ်ဆက်မှု၊ သတင်းမျှဝေနိုင်မှု၊ ပူးပေါင်းဆောင်ရွက် နိုင်မှုများ

ရှိခဲ့ပါသည်။ ရေရှည် အကျိုးဖြစ်ထွန်းမှုအတွက် ပိုမိုစနစ်တကျရှိသော ကွန်ရက်ချိတ်ဆက်မှု ယန္တရား တစ်ခု တည်ဆောက်သင့်ပါသည်။

- စီမံချက်မှ ထုတ်ဝေသော လက်ကမ်းစာစောင်များမှာ အကျိုးဖြစ်စေပါသည်။ လူသားချင်းစာနာမှု အကူအညီ ဝေငှပေးသော ပစ္စည်းများမှာလည်း အရည်အသွေးပြည့်မီပြီး အသုံးဝင်ပါသည်။ လိုအပ်နေသောသူများ များပြားသည့်အတွက် ပိုမိုပံ့ပိုးပေးနိုင်ရန် အကြံပြုပါသည်။ ပါဝင်ကူညီပေးသော စေတနာ့ဝန်ထမ်းများအား မိမိတို့ ငွေကြေးများ စိုက်ထုတ်သုံးထားရခြင်းမျိုး မဖြစ်စေရန် နည်းလမ်းရှာသင့်ပါသည်။

## ၆။ နိဂုံးချုပ်သုံးသပ်ချက်

Rain Maker အဖွဲ့သည် မွန်ပြည်နယ်တွင်းရှိ မြို့နယ် (၆) မြို့နယ်တွင် ဆောင်ရွက်ခဲ့သော စီမံချက်သည် ပဋိပက္ခ အခြေအနေအတွင်း လုံခြုံရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး အခက်အခဲ၊ နည်းပညာ အခက်အခဲ များကြားမှ လုပ်ဆောင်ခဲ့ရသော်လည်း၊ စီမံကိန်းဦးတည်ချက်နှင့် ရည်ရွယ်ချက်ပြည့်မီသောအကျိုး ရလဒ်များ ရရှိခဲ့ပါသည်။ အလားတူပင် ဒေသခံလူမှုအဖွဲ့အစည်းပိုင်းဆိုင်ရာချဉ်းကပ်မှုပိုင်းတွင် အကောင်းဆုံးဆောင်ရွက်ထားခဲ့ပြီး ရေရှည် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် လိုအပ်ချက်များဖော်ထုတ်နိုင်ခဲ့ပြီးနောင် အကောင်ထည်ဖော်မည်စီမံကိန်းများ အတွက် များစွာကြိုတင်ပြင်ဆင်မှုများကို ဒေသခံပြည်သူများ၏ပူးပေါင်းမှုကိုရရှိစေမည်။

သို့သော် စီမံချက်ခေါင်းစဉ်ပါ LGBT အုပ်စုအတွက် သီးခြားအကျိုးဖြစ်ထွန်းမှု၊ သိသာစွာ မတွေ့ခဲ့ရပါ။ စစ်အာဏာသိမ်းပြီးနောက်ပိုင်းမွန်ပြည်နယ်တွင်း LGBT အုပ်စုများ၏ လှုပ်ရှားမှုများ ကျဆင်း သွားပြီး ထွက်ပြေး တိမ်းရှောင်သူများနှင့် ဖမ်းဆီးအရေးယူခံရသူများရှိခဲ့သည်။ သင်တန်းပံ့ပိုးမှုများတွင် LGBTQA+ ၂၂ ဦး ပါဝင်ခဲ့ပြီး စီမံကိန်း လှုပ်ရှားမှုများတွင်လည်း တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့သည်၊ ၊ဒေသလိုအပ်ချက်များနှင့် ကိုက်ညီသော လုပ်ငန်းအစီအစဉ်များကို စီမံချက်ကာလတနှစ်အတွင်း ဖော်ဆောင် နိုင်ခဲ့ပါသည်။ လူမှုအသိုင်းအဝိုင်း၏ အမူအကျင့် ပြောင်းလဲပြီး၊ အကြမ်းဖက်မှုလျော့ကျသွားသည့်အထိ အရာထင်အကျိုးသက်ရောက် လာစေရန် အတွက်မူ ၊ ဆက်လက်အချိန်ယူ လုပ်ဆောင်သွားနိုင်စေမည့် အခွင့် အရေး လိုအပ်ပါသည်။

## ၇။ အစီရင်ခံစာ ပြုစုတင်ပြသူများ စာရင်း

| စဉ် | အမည် | ရာထူး | အဖွဲ့အစည်း | မြို့နယ် |
|---|---|---|---|---|
| ၁. | ဒေါ်ခင်လေးငယ် | အတိုင်ပင်ခံအရာရှိ/ အကြံပေး | Freelencer | ရန်ကုန် |
| ၂. | ဒေါ် အောင်သိန်းသန်းငွေ | အတိုင်ပင်ခံအရာရှိ/ အကြံပေး | Freelencer | ရန်ကုန် |
| ၃. | ဒေါ်အေးသန္တာအောင် | ဒါရိုက်တာ | Rain Maker | ရန်ကုန် |
| ၄. | ဒေါ်အိအိအေး | စီမံချက် မန်နေဂျာ | Rain Maker | မုဒုံ |
| ၅. | ဦးရန်လင်းအောင် | အချက်အလက် စာရင်းပြုစုသူ | Rain Maker | ရန်ကုန် |
| ၆. | ဒေါ် ဖြူဖြူသင်း | အချက်အလက် စာရင်းပြုစုသူ | FOCAL | ဘီးလင်း |
| ၇. | ဒေါ်နန်းမာမာဇင် | အချက်အလက် စာရင်းပြုစုသူ | FOCAL | သထုံ |

| | | | | |
|---|---|---|---|---|
| ၈. | ဒေါ်နှင်းဝေသဇင် | အချက်အလက် စာရင်းပြုစုသူ | FOCAL | ရေး |
| ၉. | ဒေါ်စမ်းစမ်းမော် | အချက်အလက် စာရင်းပြုစုသူ | FOCAL | ကျိုက်ထို |
| ၁၀. | ဟံသာ | အချက်အလက် စာရင်းပြုစုသူ | FOCAL | မုဒုံ |
| ၁၁ | ဒေါ် ခိုင်ယဉ်ဝင်းသွင် | အချက်အလက် စာရင်းပြုစုသူ | FOCAL | သံဖြူဇရပ် |

## ၈။ ခန့်မှန်းကုန်ကျ အသုံးစရိတ်များ (Budget Report)

| Activity Plan | Budget (MMK) | Actual budget (MMK) | Budget Note |
|---|---|---|---|
| Tools development | 330,000.00 | 0 | 1 day meeting package for 10 participants |
| Meeting with enumerators team-half day virtual meeting | 240,000.00 | 240,000.00 | Communication charges for 24 enumerators *10,000 MMK |
| Data collection and Data Entry Plan | 1,920,000.00 | 1,920,000.00 | 24 enumerators* 80,000MMK |
| | 600,000.00 | 600,000.00 | FGD in 6 township 100,000 MMK for each township |
| | 360,000.00 | 360,000.00 | KII interview in six townships for transportation charges for 6 person30,000 MMK |
| Data Analysis & Reporting /Tools Development | 450,000.00 | 1.000,000.00 | Data Analysis team |
| | 180,000.00 | | Transportation charges of 6 T/O for each person 300,000 MMK |
| Total | | | |

**၉။ နောက်ဆက်တွဲ အကိုးအကားများ**

၉.၁ လုပ်ငန်းပြီးမြောက်ကြောင်း အစီရင်ခံစာများ၊ သုံးလပတ်နှင့် နှစ်ချုပ်အစီရင်ခံစာ

၉.၂ အစည်းအဝေးမှတ်တမ်းများ

၉.၃ အစီရင်ခံစာ ပြုစုတင်ပြသူများ စာရင်း

၉.၄ ဘက်ဂျက်သုံးစွဲမှုစာရင်း